ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် ၂၂ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)အရ **"ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့"**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး(စိုက်ပျိုးရေးကဏ္ဍ)<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဒုတိယဝန်ကြီး(မွေးမြူရေးကဏ္ဍ)<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | တွဲဖက်စစ်ထောက်ချုပ်(၂)<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ **"ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့"** များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်အစိုးရက ချမှတ်ပေးသော မြေယာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေရန် ချမှတ်ပေးသောမူဝါဒများနှင့်အညီ ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရေး ချမှတ်ပေးသော မူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဃ) လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများအတွက် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်၍ ခွင့်ပြုမိန့် လက်မှတ်ထုတ်ပေးခြင်း၊ လုပ်ပိုင်ခွင့်ရရှိမှုကို မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းမှုများကို မှတ်တမ်းတင်ခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) လယ်ယာမြေလုပ်ပိုင်ခွင့်အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(ဆ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဇ) နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ ပြန်လည် သိမ်းယူသည့် လယ်ယာမြေများအတွက် ထိုက်သင့်သည့် နစ်နာကြေးနှင့် လျော်ကြေးကို ဒေသန္တရအခြေအနေ၊ ကာလပေါက်ဈေးတို့နှင့်အညီ သတ်မှတ်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေသွင်း၊ ရေထုတ်မြောင်းတည်ဆောက်ရန်၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရန်အတွက် လယ်ယာမြေကို အသုံးပြုရန် လိုအပ်ပါက အသုံးချခွင့်လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊

(ည) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လာသော လူမှုရေးအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေးစသည့် အဆောက်အအုံများအတွက် လယ်ယာမြေကို နည်းလမ်းတကျ အသုံးချခွင့် လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊

(ဋ) လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသတ်မှတ်ခြင်း၊

(ဌ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဍ) မြေနုကျွန်း လုပ်ပိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ပိုင်ခွင့် ရရှိသူများ၏ အခွင့်အရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးနှင့် ကုန်းမြင့်လှေကားထစ် လယ်ယာစိုက်ပျိုးရေးစနစ်များ တိုးတက်ထွက်ပေါ်လာရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဏ) ကျွဲနွား၊ စားကျက်မြေများနှင့် ရွာဘုံမြေများ ထိန်းသိမ်းထားရှိရေးနှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(တ) လယ်ယာမြေဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊

(ဒ) လယ်ယာမြေဥပဒေအာဏာ မသက်ရောက်မီ ဖြစ်ပေါ်ဆောင်ရွက်လျက်ရှိသော လယ်ယာမြေ အငြင်းပွားမှုများ အယူခံစစ်ဆေးမှုများကို လယ်ယာမြေဥပဒေနှင့် အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

(ဓ) လယ်ယာမြေဥပဒေအာဏာ မသက်ရောက်မီ တင်ပြလျှောက်ထား စိစစ်ဆောင်ရွက်လျက်ရှိသော လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းဖြင့် အသုံးပြုခွင့်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအား လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

(န) လယ်ယာမြေနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

စာအမှတ်၊ ၃ /၁၆၅-(ဗဟိုလယ်ယာမြေ)/ပထဖ(၂၀၂၅)။
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်။

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး (စိုက် / မွေး )
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်<br>ထည့်သွင်းကြေညာပေးပါရန်။ |

အမိန့်အရ

နေလင်း

အမြဲတမ်းအတွင်းဝန်